# အထွေထွေအတွင်းရေးမှူး၏ပြည်တွင်းခရီးစဉ်

အထွေထွေအတွင်းရေးမှူးသည်ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် အတူ မြိတ်-ထားဝယ်ကရင်နှစ်ခြင်း ခရစ်ယာန်နယ်အသင်းတော်များအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နယ်သာသနာအတွင်းရွှေ့ပြောင်းနေထိုင်သော မြို့ရွာများဖြစ်သည့် မေတ္တာမြို့၊ ဆိတ်ကူး၊ ကထောင်းနီ၊ ကာလက်ကြီးရွာသို့သွားရောက်ခဲ့ပြီး၊ အသင်းတော်ခေါင်းဆောင်များနှင့်ကျေးရွာသူကျေးရွာသားတို့အား တွေ့ဆုံအားပေးခြင်း၊အတူတကွဝတ်ပြုကိုးကွယ်ခြင်းတို့ကိုပြုလုပ်ခဲ့ပါသည်။ ဤဒေသရှိရွှေ့ပြောင်းနေထိုင် ရသောသူများအားအထူး စီမံကိန်းတစ်ရပ်အနေဖြင့် ကရင်သမ္မာကျမ်းစာအုပ်များပေးဝေခဲ့ပါသည်။ ဤအထူးစီမံကိန်းအားဖြင့် ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့်တနင်္သာရီတိုင်းရှိရွှေ့ပြောင်းနေထိုင်ရသူများ အား ကရင်သမ္မာကျမ်းစာအုပ်စုစုပေါင်း (၄၃၇၅) အုပ်နှင့် မြန်မာသမ္မာကျမ်းစာအုပ် (၆၅) အုပ်ပေး ဝေခဲ့ပြီး၊ နေရာအသစ်များသို့သွားရောက်တွေ့ဆုံခွန်အားပေးခဲ့ပါသည်။

# အထွေထွေအတွင်းရေးမှူး၏ပြည်ပခရီးစဉ်

အထွေထွေအတွင်းရေးမှူးသည် လွန်ခဲ့သောတစ်နှစ်တာအတွင်း အောက်ပါအတိုင်းပြည်ပသို့ခရီးပြု ခဲ့ပါသည်။

(၁) ကမ္ဘာ့အသင်းတော်များကောင်စီဆွေးနွေးပွဲ၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ (၄-၁၀) ရက်၊ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့။

(၂) အာရှဒေသဆိုင်ရာအတိုင်ပင်ခံနှင့်၊ မိတ်ဖက်အဖွဲ့ ACTS Company နှင့်တွေ့ဆုံခြင်း။ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၂၀-၂၁) ရက်၊ ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့။

(၃) အာရှ-ပစိဖိတ်ဒေသ ကျမ်းစာအသင်းအထွေထွေအတွင်းရေးမှူးများဆွေးနွေးပွဲ၊ ၂၀၀၈ ခုနှစ်၊ ဧပြီလ (၂၇) ရက်မှမေလ (၁) ရက်၊ ဘင်္ဂလားဒက်(ရှ)နိုင်ငံ၊ ဒက္ကားမြို့။

(၄) SIL International Convention၊ ၂၀၀၈ ခုနှစ်၊ ဧပြီလ (၂၇-၃၀) ရက်၊ ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့။

(၅) နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒုက္ခသည်များအားခရစ်ယာန်ဂိုဏ်းပေါင်းစုံမှကူညီမစရေးနှင့် UBS-Asia Pacific အတွင်းရေးမှူးနှင့်တွေ့ဆုံခြင်း၊ ၂၀၀၈ ခုနှစ်၊ မေလ (၁၈-၂၀) ရက်၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့။

(၆) Asia Pacific Region Consultant နှင့်ထိုင်းကျမ်းစာအသင်း အထွေထွေအတွင်းရေးမှူးနှင့်တွေ့ဆုံခြင်း၊ ၂၀၀၈ခုနှစ်၊ ဇွန်လ (၂၉-၃၀) ရက်၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့။

(၇) United Bible Societies အထွေထွေအတွင်းရေးမှူးနှင့်တာဝန်ခံများ၊ British and Foreign Bible Society, Bible Resources Limited မှတာဝန်ရှိပုဂ္ဂိုလ်များတွေ့ဆုံခြင်း၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁-၈) ရက်၊ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့။

(၈) မလေးရှားနိုင်ငံကျမ်းစာအသင်းနှင့်မိတ်ဖက်လုပ်ငန်းဆွေးနွေးခြင်း၊ ၂၀၀၈ခုနှစ်၊ ဇူလိုင် (၁၁-၁၅) ရက်၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့။